နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၅/၈၉)

၁၃၅၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ မြန်မာစာအဖွဲ့၏ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း။